ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့
ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့
လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းစာရေး(၁)နေရာ၊ ရုံးအကူ(၁)နေရာနှင့် ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် အခွန်ကောက်-၅ (၁)နေရာ၊ အခွန်ကောက်-၅(ဈေး)(၃)နေရာ၊ ယာဉ်မောင်း(၅)(၁)နေရာ၊ ရုံးအကူ(၂)နေရာ၊ စည်းကမ်းထိန်း(၅)(၁)နေရာ၊ လုပ်သား(၃) (၁၅)နေရာ၊ အစောင့်(၅)နေရာ၊ အထူးသန့်ရှင်းရေးလုပ်သား(၁)နေရာ စုစုပေါင်း(၃၁) နေရာလစ်လပ်လျက်ရှိပါသဖြင့် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လာရောက်လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) (၃၁-၁၀-၂၀၂၁)ရက်နေ့တွင် အသက်(၃၀)နှစ်အထက် မကျော်လွန်သူဖြစ်ရမည်၊

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသူဖြစ်ရမည်၊

(ဃ) ဒေသခံများသာခန့်ထားမည်၊

(စ) ရာထူးအလိုက် ပညာအရည်အချင်း သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) အငယ်တန်းစာရေးရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်၊

(၂) အခွန်ကောက်-၅၊ အခွန်ကောက်-၅ (ဈေး)ရာထူးအတွက် အနည်းဆုံးတက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်၊

(၃) ယာဉ်မောင်း-၅ ရာထူးအတွက် အခြေခံပညာအလယ်တန်းအဆင့်တတ်မြောက်ပြီး ယာဉ်မောင်းလိုင်စင်(ခ)ရရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်၊

(၄) စည်းကမ်းထိန်း-၅ ရာထူးအတွက် အခြေခံပညာအလယ်တန်းအဆင့်တတ်မြောက်ပြီး အနေးယာဉ်၊ ဈေး၊ ဈေးဆိုင်များအား စည်းကမ်းထိန်းသိမ်းပေးနိုင်သူဖြစ်ရမည်၊

(၅) လုပ်သား-၃ ရာထူးအတွက် အမြင့်ဆုံးအခြေခံပညာအလယ်တန်းအဆင့်တတ်မြောက်သူ၊ သန့်ရှင်းရေး၊ ရေပေးရေး၊ ကျန်းမာရေး၊ ပန်းဥယျာဉ်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရမည်၊

(၆) အစောင့် ရာထူးအတွက် အမြင့်ဆုံးအခြေခံပညာအလယ်တန်းအဆင့် တတ်မြောက်သူ၊ ရုံးအဆောက်အဦး၊ ဈေးများ လုံခြုံရေးစောင့်ရှောက်နိုင်သူဖြစ်ရမည်၊

(၇) အထူးသန့်ရှင်းရေးလုပ်သား ရာထူးအတွက် အမြင့်ဆုံးအခြေခံပညာ အလယ်တန်းအဆင့် တတ်မြောက်သူ၊ သုသာန်များအား ထိန်းသိမ်းစောင့်ရှောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်၊ မွေးနေ့သက္ကရာဇ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်နှင့် အလုပ်သမားမှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်၊ အမြဲတမ်းလိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊

(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊

(ဂ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ထံမှ (၃၀-၁၀-၂၀၂၁)ရက်နေ့ နောက်ပိုင်းရရှိသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း၊

(ဃ) ရပ်ကွက်တွင်အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်ထောက်ခံစာ၊

(င) အလုပ်သမားမှတ်ပုံတင် မူရင်း/ မိတ္တူ၊

(စ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် စစ်ဆေးထားသည့် ဆေးထောက်ခံစာ၊

(ဆ) အလယ်တန်းအဆင့်ပညာအရည်အချင်းအတွက် ကျောင်းထောက်ခံစာ။

၅။ လျှောက်ထားသူများသည် လျှောက်လွှာများကို ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လိပ်စာတပ်ပြီးလူကိုယ်တိုင် (၁၄-၁၁-၂၀၂၁)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရန်ဖြစ်ပါသည်။

၆။ ရေးဖြေစာမေးပွဲများကို ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ ကျင်းပမည့်ရက်ကို ဆက်သွယ်အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း(၀၅၂-၂၂၂၂၅၄၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့